# ACC Against COVID-19




အစီအစဉ် (၅၆ )

## COVID-19 ကပ်ရောဂါကာလအတွင်း
## လူကုန်ကူးမှုနှင့် အဂတိလိုက်စားမှု

တင်ပြသူ
မြတ်ဆုသင်း

လူကုန်ကူးမှုသည်
အခြေခံလူ့အခွင့်အရေးများကို
ချိုးဖောက်သည့် လုပ်ရပ်ဖြစ်ပြီး
စက်ဆုပ်ဖွယ်ကောင်းလှပါသည်။
တစ်နှစ်လျှင် လူဦးရေ ၂၀.၉သန်းခန့်သည်
လူကုန်ကူးခံနေရပြီး လူကုန်ကူးမှုနှင့်
အဓမ္မခိုင်းစေမှု (အလုပ်သမား
အဖြစ်အတင်းအကြပ်သွတ်သွင်းမှု)မှ
အမေရိကန်ဒေါ်လာ
၁၅၀မီလီယံခန့် ရရှိနေသည်ဟု ILO ၏
အစီရင်ခံစာတွင်ဖော်ပြထားပါသည်။



အုပ်စုဖွဲ့လူကုန်ကူးမှုများ
ကျူးလွန်ခြင်း၏ နောက်ကွယ်တွင်
အမြစ်တွယ်နေသည့်
အဂတိလိုက်စားမှုများ ရှိနေပါသည်။





လူကုန်ကူးဂိုဏ်းများ၏ နောက်ကွယ်တွင် အဂတိလိုက်စားသည့်အရာရှိများက ဒေါက်တိုင်သဖွယ် မထောက်ပံ့ပေးလျှင် အုပ်စုဖွဲ့လူကုန်ကူးမှုများ ဆောင်ရွက်၍မရနိုင်ပါဟု **OECD** ၏အစီရင်ခံစာတွင်လည်း ဖော်ပြထားပါသည်။






သာမန်အချိန်များတွင်ပင်
လူကုန်ကူးခံရသည်လူများ(သားကောင်များ)ကို
ရှာဖွေတွေ့ရှိရန် ခက်ခဲလွန်းလှသည်။
အဓိကအကြောင်းအရင်းမှာ လူကုန်ကူးခံရသည့်
လူအများစုသည် ဆင်းရဲပြီး ပညာနည်းပါးသော
အခြေခံလူတန်းစားများဖြစ်ပြီး
တရားမဝင်သော လုပ်ငန်းများဖြစ်သည့်
(လိင်ဖျော်ဖြေရေးလုပ်ငန်း၊ အိမ်အကူလုပ်ငန်း၊
ဘိန်းစိုက်ပျိုးသည့်လုပ်ငန်းနှင့်
တရားမဝင်ရေလုပ်ငန်း)စသည်တို့တွင်
လုပ်ကိုင်နေရသောကြောင့် ဖြစ်ပါသည်။



ထို့အပြင် လူကုန်ကူးခံရသူများ
ကိုယ်တိုင်ပင်လျှင်
တိုင်ကြားမှုပြုလုပ်လိုသည့် ဆန္ဒမရှိခြင်း၊
တိုင်ကြားရန်လက်လှမ်းမမီခြင်း၊
တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့်
အဂတိလိုက်စားမှုတို့သည်လည်း
လူကုန်ကူးမှုကို
အမြစ်တွယ်တည်တံ့စေသည့်
အကြောင်းတရားများဖြစ်ပါသည်။



COVID-19

ကပ်ရောဂါကာလတွင်
စီးပွားရေးအကြပ်အတည်းများ
ဖြစ်ပေါ်နေခြင်းကြောင့်
အလုပ်လက်မဲ့များ
များပြားလာခြင်း၊
ဝင်ငွေလျော့နည်းခြင်းသည်
ထိခိုက်လွယ်သူလူအုပ်စုအတွက်
လူကုန်ကူးမှုကို
ပိုမိုရင်ဆိုင်ရပါသည်။



ကပ်ရောဂါကာလတွင်း၌
ကမ္ဘာအနှံ့အပြားတွင် ခရီးသွားလာမှုများ
ကန့်သတ်ထားခြင်း၊ ညမထွက်ရအမိန့်များ
ထုတ်ပြန်ခြင်းကို တင်းကြပ်စွာ
ဆောင်ရွက်မှုအား  အခွင့်ကောင်းယူကာ
လူကုန်ကူးမှုကိုလျှို့ဝှက်စွာ ပုံစံအမျိုးမျိုးဖြင့်
ဆောင်ရွက်လာကြပါသည်။



ဤသို့စက်ဆုပ်ဖွယ်ရာလူကုန်ကူးမှု နှင့်ပတ်သက်ဆက်နွယ်နေသည့်အစိုးရဝန်ထမ်းများ၏အဂတိလိုက်စားမှုပုံစံများကို **IBA's Presidential Task Force Against Human Trafficking အစီရင်ခံစာ** တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

၁။ ⑩အစိုးရဝန်ထမ်းများကိုယ်တိုင်ပင်လျှင်လူကုန်ကူးသူများဖြစ်နေခြင်း(Public Officials as the Human Traffickers)

၂။ ⑩အစိုးရဝန်ထမ်းများသည်လူကုန်ကူးသူများကိုကူညီဆောင်ရွက်ပေးနေသူများဖြစ်နေခြင်း(Public Officials as facilitators of Human Trafficking)

၃။ ⑩အစိုးရဝန်ထမ်းများသည်ပင်လျှင် လူကုန်ကူးသူများကိုပြစ်မှုပြစ်ဒဏ်မှ လွတ်ကင်းအောင် ကာကွယ်ပေးသူများဖြစ်နေခြင်း (Public Officials as facilitators of Impunity)

ပုန်းလျှိုးကွယ်လျှိုးဖြင့်
ဆောင်ရွက်လေ့ရှိသော
လူကုန်ကူးမှုများကြောင့်လူကုန်ကူး
သူများ ဖြတ်သန်းရာမြို့ရွာနှင့်
ဒေသတစ်လျှောက်
တွင် COVID-19 ရောဂါ
ကူးစက်ပျံ့နှံ့မှုများကို
ဖြစ်ပေါ်စေနိုင်သည့်အပြင်
ကူးစက်ရာလမ်းကြောင်းနှင့်ကူးစက်မှု
ကွင်းဆက်များကို ရှာဖွေရန်
ခက်ခဲစေပါသည်။



ထို့အပြင်လူကုန်ကူးခံရသောလူများသည်၎င်းတို့၏
သက်သေအထောက်အထားများမရှိခြင်း ( သို့)
ဖျောက်ဖျက်ခံရခြင်း၊
လွတ်လပ်စွာသွားလာခွင့်မရှိခြင်း တို့ကြောင့်
ကျန်းမာရေးစောင့်ရှောက်မှုများ
လက်လှမ်းမမီခြင်း၊ COVID-19
နှင့်ပတ်သက်သည့်သတင်းအချက်အလက်များ
မရရှိခြင်း၊ နေရာအနှံ့အပြားတွင် Lock Down
ချထားခြင်းစသည်တို့ကြောင့်လူကုန်ကူးသူများ၏
ခေါင်းပုံဖြတ်မှုကိုပိုမိုရင်ဆိုင်နေရပါသည်။



ကမ္ဘာ့ကပ်ရောဂါကာလအတွင်း
ရောဂါပျံ့ပွားနှုန်းအား ထိန်းချုပ်နိုင်ရန်
ကြိုးစားဆောင်ရွက်နေစဉ်
တိတ်တဆိတ်ရောဂါပျံ့နှံ့
ဖြစ်ပွားစေနိုင်သောလမ်းကြောင်းကို
ပေါ်ပေါက်စေနိုင်သည့်
လူကုန်ကူးမှု၎င်းနှင့်စပ်လျဉ်းသည့်
အဂတိလိုက်စားမှုဖြစ်ပွားနိုင်ခြေများသောေ
ေ◌ရာဒေသလမ်းကြောင်းများကို
အလေးပေး ဂရုပြုသင့်ပါကြောင်း
တင်ပြလိုက်ပါသည်။



# ကိုးကားသည့်စာစောင်များ

1. COVID-19: UNODC warns of increased risks to human trafficking victims
2. Human trafficking and corruption(UNODC)
3. Human Trafficking and Public Corruption(IBA’s presidential Task Force to Human Trafficking)